# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေနှင့် စပ်လျဉ်းသောအချက်အလက်များ

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်

**အကျဉ်းချုပ်**

မြန်မာနိုင်ငံတွင် "မူးယစ်ကင်းစင်ပြီးပျော်ရွှင်" ဖြစ်လာစေရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ ဤစာတမ်းတိုတွင် ဘိန်းနှင့်မူးယစ်ဆေးဝါးအကြောင်းအရာ၊ မူးယစ်ဆေးဝါးဥပဒေပေါ်ပေါက်လာပုံ၊ မြန်မာနိုင်ငံတွင်အဖြစ်များဆုံးပြစ်မှုနှင့်ပြစ်ဒဏ်များကိုရေးသားတင်ပြထားပြီး နိုင်ငံတကာတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သောပြစ်မှုများကိုအရေးယူဆောင်ရွက်ပုံအမျိုးမျိုးကိုပါတင်ပြထားပါသည်။ ထို့အပြင် ၁၉၉၃ခုနှစ်၊ မူးယစ်ဥပဒေနှင့် ၂၀၁၇ ခုနှစ်၊ ပြင်ဆင်မည့်မူးယစ်ဥပဒေကြမ်းတို့တွင်ပါဝင်သည့် အရေးပါသောအချက်အလက်များကိုပါ ပူးတွဲနှိုင်းယှဉ်ရေးသားတင်ပြထားပြီး ၁၉၉၃ခုနှစ် ၊ မူးယစ်ဥပဒေအပေါ် ပြည်သူလူထုများ၏သုံးသပ်ချက်များကိုပါ ရေးသားထားလျက်ရှိပါသည်။

**ရေးသားပြုစုသူ**

ဒေါ်ခိုင်ဝေနိုင် (LL.M)၊ ဒေါ်ခင်ကြည်ထွန်း (LL.M)

သုတေသနစာတမ်းတိုအမှတ် ( ၁၉ )

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အကျဉ်းချုပ် | ၁ |
| ၂။ | မာတိကာ | ၂ |
| ၃။ | နိဒါန်း | ၃ |
| ၄။ | မူးယစ်ဆေးဝါးနှင့်မြန်မာနိုင်ငံ | ၃ |
| ၅။ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပေါ်ပေါက်လာပုံ | ၅ |
| ၆။ | မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သောအကြောင်းအရာများ | ၆ |
| ၇။ | အဖြစ်အများဆုံးမူးယစ်ဆေးဝါးပြစ်မှုနှင့်ပြစ်ဒဏ်များ | ၇ |
| ၈။ | ခြားနားချက်များ | ၉ |
| ၉။ | မူရင်းဥပဒေတွင်ပါဝင်သော ပုဒ်မ၁၅ နှင့် ပြင်ဆင်မည့်ဥပဒေကြမ်းတွင် ပါဝင်သော ပုဒ်မ ၁၅ တို့၏ခြားနားချက် | ၁၅ |
| ၁၀။ | ကမ္ဘာပေါ်တွင် မူးယစ်ဥပဒေအရ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်သောနိုင်ငံများ | ၁၆ |
| ၁၁။ | ဝေဖန်မှုများရှိနေသော အမေရိကန်ပြည်ထောင်စုအတွင်း ဆေးခြောက် သုံးစွဲခွင့်ဥပဒေ | ၂၂ |
| ၁၂။ | ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့်ပြည်သူတို့၏ မတူညီသည့်သုံးသပ်ချက်များ | ၂၄ |
| ၁၃။ | မြန်မာနိုင်ငံအတွင်းမူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအခြေအနေနှင့်တရား ဥပဒေစိုးမိုးရေးအတွက်သုံးသပ်ချက်များ | ၂၆ |
| ၁၄။ | ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဥပဒေပြဋ္ဌာန်းရာ၌ အကောင်းဆုံး ဖြစ်သည်ဟု သတ်မှတ်ထားခံရသည့်နိုင်ငံများ | ၂၉ |
| ၁၅။ | နိဂုံး | ၃၀ |

## နိဒါန်း

၁။ မြန်မာနိုင်ငံရှိပြည်သူလူထုအား ကာယအင်အား၊ ဉာဏအင်အားဖွံ့ဖြိုးတိုးတက်မှုများ ကိုနှောင့်နှေးစေသည့် အန္တရာယ်တစ်ခုထဲတွင်ပါဝင်သည့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဟူသော ကိစ္စရပ်ကြီးမှာ နိုင်ငံအနှံ့အပြားတွင်ဖြစ်ပေါ်နေလျက်ရှိပါသည်။ နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိက ပိုင်သတင်းစာ၊ ဂျာနယ်နှင့်လူမှုကွန်ယက်များတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အကြောင်း အရာများစွာကိုဖတ်ရှုရမည်ဖြစ်ပါသည်။ အဆိုပါသတင်းစာများနှင့် လူမှုကွန်ယက်များတွင် ဖမ်းဆီးသိမ်းဆည်းရမိသော စိတ်ကြွဆေးပြားများနှင့်တန်ဖိုးကိုလည်း တစ်ပါတည်းတွေ့မြင် ဖတ်ရှုရမည်ဖြစ်ပါသည်။ နေရာဒေသအနှံ့အပြားတွင်လည်း မူးယစ်နှင့်ပတ်သက်သောအန္တရာယ် အကြောင်း သိမှတ်ဖွယ်ရာဗဟုသုတများကိုလည်း ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အခြေခံပညာ ကျောင်းများတွင် ပညာပေးခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် တားဆီးပညာပေးလျက်ရှိသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ်တွင် ဥပဒေ တစ်ရပ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ သို့သော် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ လျော့ကျ သွားခြင်း မရှိပေ။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်စေရန် အားနည်းချက်များနှင့်လိုအပ် ချက်များကို ပြုလုပ်ရန်မှာအလွန်အရေးကြီးလာပါသည်။ ယခုအခါ ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်း သော မူးယစ်ဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေရန် လွှတ်တော် တွင် ပြင်ဆင်ဆွေးနွေးမည်ဟုသိရှိရပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအား အထောက်အကူပြုစေရန်အလို့ငှာ ဤစာတမ်းတိုအား အကျဉ်းမျှစုစည်းတင်ပြရခြင်းဖြစ် ပါသည်။

## မူးယစ်ဆေးဝါးနှင့်မြန်မာနိုင်ငံ




၂။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဘိန်းထုတ်လုပ်မှု ဒုတိယအမြင့်ဆုံးနိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှဖြစ်သည့်အပြင် အမ်ဖက်တမင်းစိတ်ကြွဆေးပြားအပါအဝင် မူးယစ် ဆေးဝါးအဓိကမြစ်ဖျားခံရာဒေသဟု သတ်မှတ်ပြော

ဆိုခံရလျှက်ရှိပါသည်။[၁] ထို့အပြင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ်ဆက်လက်ရပ်တည်နေပြီး ကမ္ဘာ့ဘိန်းစိုက်ပျိုးမှုအများဆုံးဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် စိုက်ပျိုးထုတ်လုပ်မှုဒုတိယအများဆုံးနိုင်ငံလည်းဖြစ်သည်ဟု ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတားဆီးရေးရုံး (UNODC) ၏ ၂၀၁၆ခုနှစ်အတွက် ထုတ်ပြန်သော ကမ္ဘာ့မူးယစ်ဆေးဝါးအခြေအနေဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထိုအစီရင်ခံစာအရ ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတွင် တရားမဝင်ထုတ်လုပ်နေသည်ဟုသိရပါသည်။ ထို့အပြင် မက်သာဖက်တမင်းဆေးပြားထုတ်လုပ်သုံးစွဲမှုနှုန်းသည်လည်း မြင့်မားလာနေသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။[၂]

၃။ မူးယစ်ဆေးဝါးသုံးစွဲသည့်အပိုင်းကိုကြည့်ပါက မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ ဘိန်းဖြူသုံးစွဲမှု ပိုမိုကျယ်ပြန့်လာပြီး အသည်းရောင် အသားဝါစီနှင့်HIV ရောဂါများအပါအဝင် အခြားဆက်စပ် လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာ ပြဿနာများကိုဖြစ်ပေါ်စေသည့် မူးယစ်ဆေးဝါးဆိုင်ရာပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ဘိန်းဖြူနှင့်အခြားမူးယစ်ဆေးဝါးအသုံးပြုမှု တွင်ကျယ်လာသည်နှင့်အမျှ HIVနှင့် AIDS အပါအဝင် အခြားကျန်းမာရေးဆိုင်ရာ အန္တရာယ်များမြင့်တက်လာသည်။ အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေးများ (ATS)၊အထူးသဖြင့် မက်အမ်ဖီတမင်းထုတ်လုပ်အသုံးပြုမှုတစ်ရှိန်ထိုးမြင့်တက်လာသည်။ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဆေးဝါးအနေဖြင့်သော်လည်းကောင်း ဘိန်းစိုက်ပျိုး၍ရပ်ရွာ၌ ရိုးရာအစဉ်အလာအတိုင်း သုံးစွဲလျက်ရှိသည့်ရပ်ရွာလူထုများလည်းရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များအကြား ဘိန်းဖြူကိုအကြောထဲထိုးသွင်းမှု အလေ့အထများတစ်ရှိန်ထိုးမြင့်တက်လာခြင်းကလည်း စိုးရိမ်ဖွယ်ရာဖြစ်သည်။ ထိုထက်ပို၍ဆိုရသော် စိတ်ကြွဆေး(ATS)သုံးစွဲမှုသည် ကျေးလက်တောင်တန်းဒေသရှိရပ်ရွာများအတွင်း တွင်ကျယ်လာသကဲ့သို့ ရပ်ရွာအတွင်း၌ပင် လွယ်လင့်တကူရရှိနိုင်သည်။ လယ်သမားများကလည်း ATS သုံးစွဲခြင်းဖြင့် နာရီပေါင်းများစွာအလုပ်ကို မရပ်မနားလုပ်နိုင်သည်ဟု ထင်မြင်ယူဆလျက်ရှိသည်။[၃]

---

၁။ https://my.wikipedia.org/wiki/

၂။ http://www.7daydaily.com/story/92915

၃။ (က)**တစ်ကျော့ပြန်- မူလအခြေအနေဆီးသို့ပြန်လည်ဆိုက်ရောက်လာရွှေတြိဂံဒေသ၊စာ-၁၀၊**
(ခ) https://www.tni.org/files/publication-downloads/boucing_back_-_myanmar_0.pdf

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပေါ်ပေါက်လာပုံ

၄။ မြန်မာနိုင်ငံသည် ၁၉၆၁ခုနှစ်၊ ၁၉၇၁ခုနှစ် နှင့် ၁၉၈၈ခုနှစ်တို့တွင် အောက်ဖော်ပြပါ နိုင်ငံတကာမူးယစ်ဆေးဝါး convention (၃) ခုတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်-

(က) SINGLE CONVENTION ON NARCOTIC DRUGS, 1961[၄]

(ခ) CONVENTION ON PSYCHOTROPIC SUBSTANCES, 1971 [၅]

(ဂ) UNITED NATIONS CONVENTION AGAINST ILLICIT TRAFFIC IN NARCOTIC DRUGS AND PSYCHOTROPIC SUBSTANCES, 1988 [၆]




၅။ မြန်မာနိုင်ငံတွင် ၁၉၀၉ ခုနှစ်၌ ဘိန်းအက်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၀ ခုနှစ်တွင် ထိုဥပဒေကို ရုတ်သိမ်းပြီးနောက် ၁၉၅၀ ခုနှစ် ဘိန်းခန်းနှိပ်ကွပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ၁၉၅၅ခုနှစ်တွင် ဘိန်းရှူစားသုံးသူများ မှတ်ပုံမတင်မနေရ အက်ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေများကို ဥပဒေအမှတ် ၁/၁၉၉၂၊ ဥပဒေများရုတ်သိမ်းသည့်ဥပဒေဖြင့် ရုတ်သိမ်းခဲ့ပါသည်။ ထို့နောက် ၁၉၇၄ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါး ဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၈၃ခုနှစ်တွင် အဆိုပါမူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါး ဥပဒေကို ပြင်ဆင်သည့်ဥပဒေအားပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေကို ယခုနောက်ဆုံးတွင် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် ရုတ်သိမ်းခဲ့ပါသည်။[၇] ထိုဥပဒေကို “မူးယစ်ဥပဒေ”၊ “မူးစိတ်ဥပဒေ” ဟု အတိုကောက်ခေါ်ဆိုကြပါသည်။ ထိုဥပဒေတွင် အခန်းပေါင်း (၉)ခန်းနှင့်ပုဒ်မပေါင်း(၃၁)ခုပါဝင်ပါသည်။[၈]

---

၄။ https://www.unodc.org/pdf/convention_1961_en.pdf

၅။ https://www.unodc.org/pdf/convention_1971_en.pdf

၆။ https://www.unodc.org/southeastasiaandpacific/myanmar/index.html?ref=menutop

၇။ မြန်မာနိုင်ငံဥပဒေပေါင်းချုပ် ၊ အထွေထွေအညွှန်း (တတိယအကြိမ်) ၂၀၁၃ခုနှစ်

၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၃ခုနှစ်၊ဇန်နဝါရီလ ၂၇ရက်

## မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သောအကြောင်းအရာများ

### မူးယစ်ဆေးဝါး၏အဓိပ္ပာယ်

၆။ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ"အရ မူးယစ်ဆေးဝါးဆိုသည်မှာ ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟုကြေညာထားသော အပင်တစ်မျိုးမျိုး၊ ယင်းအပင်တစ်မျိုးမျိုး မှထွက်ရှိသော၊ သို့မဟုတ် ထုတ်လုပ်သောအရာဝတ္ထုများ၊ ဆေးဝါးများနှင့် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထား သည့်ဆေးဝါးများ၊ ယင်းဆေးဝါးတစ်မျိုးမျိုးပါဝင်သော အရာဝတ္ထုများကိုခေါ်ပါသည်။

### စိတ်ကိုပြောင်းလဲစေသောဆေးဝါး၏အဓိပ္ပာယ်

၇။ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ"အရ စိတ်ကိုပြောင်းလဲစေသောဆေးဝါးဆို သည်မှာ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေ သောဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကိုခေါ်ပါသည်။

### လက်ဝယ်ထားခြင်း

၈။ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ"အရ လက်ဝယ်ထားခြင်းဆိုသည်မှာ မူးယစ် ဆေးဝါး၊သို့မဟုတ်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လူတစ်ဦးဦး၏ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်၊ ပစ္စည်းတစ်ခုခု၌ထားရှိခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုသူ၏အစီ အမံဖြင့်ထားရှိခြင်း၊ ထားရှိစေခြင်းတို့ဖြစ်ပါသည်။

### ဆေးဝါးသုံးစွဲသူ

၉။ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ"အရ ဆေးဝါးသုံးစွဲသူဆိုသည်မှာ မူးယစ်

ဆေး၀ါး၊ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေး၀ါးကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကိုဆိုပါသည်။

## အဖြစ်အများဆုံးပြစ်မှုနှင့်ပြစ်ဒဏ်များ




၁၀။ ၁၉၉၃ခုနှစ်၊ ဇန်န၀ါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေး၀ါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေး၀ါးများဆိုင်ရာဥပဒေ" အရအောက်ဖော်ပြပါ ပြစ်မှုများကိုအများဆုံးကျူးလွန်လေ့ရှိကြပါသည်-

**(က) ပုဒ်မ ၁၅။** ဆေး၀ါးသုံးစွဲသူသည် ကျန်းမာရေး၀န်ကြီးဌာနက သတ်မှတ်သည့်ဌာန၊ သို့မဟုတ် ဤကိစ္စအလို့ငှာအစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးကုသရန်အတွက် ကျန်းမာရေး၀န်ကြီးဌာနကထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး ၃နှစ် မှ အများဆုံး ၅ နှစ်အထိ ချမှတ်ခြင်းခံရမည်။

**(ခ) ပုဒ်မ ၁၆။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

(က) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေး၀န်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေး၀ါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါး၊ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့်ပစ္စည်းကိုရိယာများ၊ ဓာတုဗေဒပစ္စည်းများကို ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲလက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊

(ဃ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ဥပဒေနှင့်အညီခွင့်ပြုချက်ဖြင့် လက်ဝယ်ထားရှိသူက ခွင့်ပြုချက်မရှိသူအားလွှဲပြောင်းပေးခြင်း၊

(င) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို အလွဲသုံးစွဲရန်လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ လှည့်ဖြားခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊

(စ) ဤဥပဒေအရ သိမ်းဆည်းထားသော၊ သို့မဟုတ် ဝရမ်းကပ်ထားသောပစ္စည်းကိုအလွဲသုံးစားပြုခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း။

**(ဂ) ပုဒ်မ ၁၉။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိချမှတ်ရမည်-

(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချကမ်းလှမ်းခြင်း၊ သဘောတူခြင်း၊ သို့မဟုတ် ရောင်းဝယ်ရန်ဆက်သွယ်ခြင်း၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်ရာမှရရှိလာသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ အရေးယူခြင်းမပြုနိုင်စေရန်ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကိုတရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်း။

**(ဃ) ပုဒ်မ ၂၀။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၁၅ နှစ်မှအများဆုံးနှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်-

(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ယင်းသို့တင်သွင်းခြင်း၊ တင်ပို့ခြင်း ပြုလုပ်ရန် ဆက်သွယ်ခြင်း။[၉]

## ခြားနားချက်များ

၁၁။ မကြာမီကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် "မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်း(၂၀၁၇ခုနှစ်)"တွင်ပါဝင်

---

၉။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၃ခုနှစ်၊ဇန်နဝါရီလ ၂၇ရက်။

သော ပြင်ဆင်၊ဖြည့်စွက်၊ပယ်ဖျက်မည့် ပုဒ်မ၊ပုဒ်မ ခွဲများနှင့်မူရင်းဥပဒေတွင်ပါဝင်သော ပုဒ်မ၊ပုဒ်မခွဲများ၏ခြားနားချက်များကို အောက်ပါအတိုင်းခွဲခြားဖော်ပြထားပါသည်-[၁၀]

| စဉ် | ၁၉၉၃ ခုနှစ် | မူကြမ်း(၂၀၁၇ ခုနှစ်) | မှတ်ချက် |
|---|---|---|---|
| ၁ | ပုဒ်မ ၂ ၊ပုဒ်မ ခွဲ(ဂ)<br>**ထုတ်လုပ်ခြင်း** ဆိုသည်မှာ ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့်ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့်အပင်တစ်မျိုးမျိုးမှ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် သို့ ရောက်ရှိစေရန်ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သောအရာဝတ္ထုကို ဓာတုဗေဒပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်၍ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း၊ပြင်ဆင်ပြုလုပ်ခြင်းကိုဆိုသည်၊ | ပုဒ်မ ၂ ၊ပုဒ်မ ခွဲ(ဂ)<br>**ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓါတုပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်၍ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်းကိုဆိုသည်။ | အစားထိုး |
| ၂ | ပုဒ်မ ၂၊နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၂ ၊ပုဒ်မ ခွဲ(ဆ)<br>**အစိုးရအဖွဲ့ဆိုသည်မှာ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။<br>ပုဒ်မ ၂ ၊ပုဒ်မ ခွဲ(ဇ)<br>**လူမှုရေးပြစ်ဒဏ်ဆိုသည်မှာ**သတ်မှတ်ဝတ်စုံဖြင့်ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအကျိုးရှိစေသည့် လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကိုဆိုသည်။ | ဖြည့်စွက် |
| ၃ | ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(ခ)<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(ခ)<br>မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | အစားထိုး |
| ၄ | ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(င)<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။ | ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(င)<br>မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် အညီ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များ ချမှတ်၍မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်းများကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ | အစားထိုး |

၁၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၃ခုနှစ်၊ဇန်နဝါရီလ ၂၇ရက်၊
မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ် (မူကြမ်း)

| | | | |
|---|---|---|---|
| ၅ | ပုဒ်မ ၃၊နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(စ)<br>ရိုးရင်းစွဲဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ယန္တရားများကိုအသုံးပြု၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို တွန်းအားပေးဆောင်ရွက်ရန်၊<br>ပုဒ်မ ၃ ၊ပုဒ်မ ခွဲ(ဆ)<br>ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာမူဝါဒများချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ရေတိုစီမံကိန်းများနှင့်ရေရှည်ရည်မှန်းချက်ပန်းတိုင်များချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့်ဖြစ်ပေါ်လာသည့်မူးယစ်ဆေးဝါးနှင့်ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေးပြဿနာရပ်များအားဖြေရှင်းရန်၊ | ဖြည့်စွက် |
| ၆ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(က)<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍မူဝါဒများချမှတ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(က)<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ | အစားထိုး |
| ၇ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(င)<br>ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ပညာပေးလှုံ့ဆော်ရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(င)<br>ဆေးဝါးသုံးစွဲသူများအားဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့်အန္တရာယ်လျှော့ချပေးရေးတို့နှင့် စပ်လျဉ်း၍ အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊ | အစားထိုး |
| ၈ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(စ)<br>ဆေးဝါးသုံးစွဲသူများနှင့်ပြစ်ဒဏ်ကျခံနေရသူများကိုပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ သင့်လျော်သောကူညီထောက်ပံ့မှုများပေးခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် အသက်မွေးကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(စ)<br>ဆေးဝါးသုံးစွဲသူများကိုပြန်လည်ထူထောင်ရေးပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ စာရင်းကောက်ယူခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သောကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ | အစားထိုး |
| ၉ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(ဈ)<br>ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများအားလွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် ရရှိလာသောငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကိုလည်းကောင်း သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရေးနှင့်စပ်လျဉ်း၍ လိုအပ်သလိုညွှန်ကြားခြင်း၊ | | ပယ်ဖျက် |

| | | | |
|---|---|---|---|
| | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(ည)<br>ဤဥပဒေအရ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသောပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဝရမ်းကပ်ချိန်ပိတ်ထားရန်ညွှန်ကြားခြင်း၊ ဝရမ်းကပ်ချိပ်ပိတ်ထားခြင်းကို ရုပ်သိမ်းရန်ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့်ပြစ်မှုတွင် သက်ဆိုင်ရာတရားရုံးကချမှတ်သော အပြီးသတ်ဆုံးဖြတ်ချက်နှင့်အညီလိုအပ်သလိုစီမံခန့်ခွဲခြင်း၊ | | |
| ၉ | ပုဒ်မ ၆၊ နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(တ)<br>မူးယစ်ဆေးဝါးသို့မဟုတ်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကိုသယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အခြားနိုင်ငံကအလိုရှိသော မြန်မာနိုင်ငံသားတရားခံကိုလည်းကောင်း၊ မြန်မာနိုင်ငံကအလိုရှိသော အခြားနိုင်ငံမှတရားခံကိုလည်းကောင်း၊ လွှဲပြောင်းပေးရာတွင် တရားခံလွှဲပြောင်းခြင်းဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊<br>ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(ထ)<br>မူးယစ်ဆေးဝါးသုံးစွဲသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို ကလေးသူငယ်များနှင့်လူငယ်များမှသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန်ကြီးကြပ်လမ်းညွှန်ခြင်း၊<br>ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(ဒ)<br>အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်လာစေရန်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊<br>ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(ဓ)<br>မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်းနှင့်ကျောင်းပြင်ပ၊ အလုပ်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊<br>ပုဒ်မ ၆ ၊ပုဒ်မ ခွဲ(န)<br>ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့်ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊ | ဖြည့်စွက် |
| ၁၀ | ပုဒ်မ ၉၊နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(ဃ)<br>ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်းသံသယရှိသူအားပဏာမဆေးစစ်ချက်ခံယူရန် သို့မဟုတ် ဆေးကုသမှု ခံယူနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန သို့မဟုတ် အစိုးရက ဤကိစ္စအလို့ငှါ အသိ | ဖြည့်စွက် |

| | | | |
|---|---|---|---|
| | | အမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာနသို့ပို့ အပ်နိုင်သည်၊<br>ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(င)<br>သက်ဆိုင်ရာရဲအရာရှိသည်ပုဒ်မခွဲ(ဃ)ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူအားစိစစ်ပြီးလိုအပ်ပါက ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားရမည်၊<br>ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(စ)<br>တရားရုံးသည် ပုဒ်မခွဲ (င)အရ လျှောက်ထားခြင်းခံရသူအားဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်၊<br>ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(ဆ)<br>ဆေးဝါးသုံးစွဲသူသည် ပုဒ်မခွဲ(စ)အရ တရားရုံးမှချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သောခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်လျှင်ဖြစ်စေ၊ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှါ ဖွင့်လှစ်ထားသော သက်ဆိုင်ရာပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ အနည်းဆုံး ၃လမှ အများဆုံး ၅လ အထိ ပို့အပ်ခြင်းခံရမည်၊<br>ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(ဇ)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပုဒ်မခွဲ(ဆ) အရ သက်ဆိုင်ရာပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ခြင်းခံရသည့် ဆေးဝါးသုံးစွဲသူအား တာဝန်ယူကုသပေးရမည်၊<br>ပုဒ်မ ၉ ၊ပုဒ်မ ခွဲ(ဈ)<br>ပုဒ်မ ၉(ဇ)အရ ဆေးကုသမှု ခံယူပြီးသူများအား ၎င်းတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုကို ခံယူစေရေးအတွက် ပြန်လည်ထူထောင်ရေးသင်တန်းသို့ တက်ရောက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လူမှုဝန်ထမ်း ဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ရမည်၊ | |
| ၁၁ | ပုဒ်မ ၁၄ ၊ပုဒ်မခွဲ (က)<br>တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပါရှိစေကာမူ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှတာဝန်ရှိသူများသည် ဤဥပဒေအရ ပြစ်မှုနှင့်သက်ဆိုင်သော ငွေကြေး၊ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သော အမိန့်ရရှိလျှင်-ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြုရမည်၊ | ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)<br>တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကထုတ်ဆင့်သည့် အမိန့်ရရှိလျှင် ဆက်သွယ်ရေးလုပ်ငန်းများမှတာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သောမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းတို့ကိုခွင့်ပြုရမည်၊ | အစားထိုး |
| ၁၂ | ပုဒ်မ ၁၅<br>ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင်မှတ်ပုံတင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးကုသရေး | ပုဒ်မ ၁၅<br>ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉ ၊ ပုဒ်မခွဲ (ဆ)အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသောပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာပြုစုပျိုးထောင်ရေးဌာန | အစားထိုး |

| | | | |
|---|---|---|---|
| | အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး ၃နှစ်မှ အများဆုံး ၅ နှစ်အထိချမှတ်ခြင်းခံရမည်၊ | သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-<br>(က) ထိုသူသည် အသက် ၁၆ နှစ် ပြည့်ပြီးသူဖြစ်ပါက လူမှုရေးလုပ်ငန်း **တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၁၈၀ မှ အများဆုံးနာရီ ၂၄၀** အထိချမှတ်ရမည်၊<br>(ခ) အသက် ၁၆ နှစ်မပြည့်သေးသူဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းသို့ ပို့အပ်ရမည်၊ | |
| ၁၃ | ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)<br>သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ပစ္စည်းကိရိယာများ၊ ဓာတုဗေဒပစ္စည်းများကို ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ | ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟုကြေညာထားသည့် ပစ္စည်းကိရိယာများ၊ ဓါတုပစ္စည်းများကိုသယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ | အစားထိုး |
| ၁၄ | ပုဒ်မ ၁၆၊နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)<br>ခြွင်းချက်။ ဤပြဋ္ဌာန်းချက်သည် မူးယစ်ဆေးဝါးသုံးစွဲသူက မိမိကိုယ်တိုင်သုံးစွဲရန် သို့မဟုတ် မကျန်းမာသည့်လူနာအတွက် ဆရာဝန်၏ဆေးစာဖြင့်ဝယ်ယူအသုံးပြုရန်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ပမာဏထက်မပိုသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားရှိခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ၊ | ဖြည့်စွက် |
| ၁၅ | ပုဒ်မ ၁၇၊နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)<br>ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ဗဟိုအဖွဲ့ကထုတ်ဆင့်သည့်အမိန့်ရရှိပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးခြင်းတို့ကို ခွင့်ပြုရန်ငြင်းဆန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဗဟိုအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်ပါက ထိုသူအား **ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အနည်းဆုံး ၁၀နှစ်အထိ** ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်၊ | ဖြည့်စွက် |
| ၁၆ | ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)<br>ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်စောသတင်းရှိသူအား ၃ နှစ်ထက် မပိုသော ကာလအတွင်း ကောင်းမွန်စွာနေထိုင်စေရန် နည်းဥပဒေများနှင့်အညီ ခံဝန်ချုပ်ချုပ်စေရန် အမိန့်ချမှတ်ရမည်၊ | ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)<br>ပုဒ်မ ၁၅ မှအပ ဤဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်ဇောသတင်းရှိသူအား ၃ နှစ်ထက်မပိုသောကာလအတွင်း ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ် ချုပ်ဆိုစေရမည်၊ | ဖြည့်စွက် |

| | | | |
|---|---|---|---|
| ၁၇ | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)<br>မိုနိုအက်ဆီတိုင်းမော်ဖင်း ဖြစ်ပါက သုံးဂရမ် | | ပယ်ဖျက် |
| ၁၈ | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဃ)<br>**ပုဒ်မခွဲ(က)၊(ခ)နှင့်(ဂ)တို့ပါ** မူးယစ်ဆေးဝါးစုစုပေါင်းသည် သုံးဂရမ် သို့မဟုတ် ယင်းတို့အနက် နှစ်မျိုးပေါင်းသည် သုံးဂရမ် | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဃ)<br>ပုဒ်မခွဲ (က)နှင့် (ခ)တို့ပါ မူးယစ်ဆေးဝါး နှစ်မျိုးပေါင်းသည် သုံးဂရမ် | အစားထိုး |
| ၁၉ | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(စ)<br>ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက **နှစ်ဆယ့်ငါးဂရမ်** | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(စ)<br>ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်း နှစ်ခုပေါင်းဖြစ်ပါက **တစ်ရာဂရမ်** | အစားထိုး |
| ၂၀ | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဇ)<br>ကိုကင်းဖြစ်ပါက သုံးဂရမ် | ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဇ)<br>(ဇ-၁) စိတ်ကြွရူးသွပ်ဆေး ဖြစ်ပါက သုံးဂရမ်၊<br>(ဇ-၂) မက်အက်ဖီတမင်းဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါက သုံးဂရမ်<br>(ဇ-၃) အက်ဖီဒရင်း (သို့မဟုတ်) ဆူဒိုအက်ဖီဒရင်းဖြစ်ပါက သုံးဂရမ် | အစားထိုး |
| ၂၁ | ပုဒ်မ ၂၈၊ နောက်ဆက်တွဲဖြည့်စွက်ပုဒ်မခွဲများ | ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဃ)<br>ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)(ခ)အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ငွေကြေးများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်း မိန့်ချမှတ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ပေးသွင်းသည့်ဘဏ္ဍာရန်ပုံငွေမှ ၁၀% ကို ဆုငွေအဖြစ် သတ်မှတ်ပေးရမည်၊ | ဖြည့်စွက် |

## မူရင်းဥပဒေတွင်ပါဝင်သောပုဒ်မ ၁၅ နှင့် ပြင်ဆင်မည့်ဥပဒေကြမ်းတွင်ပါဝင်သော ပုဒ်မ ၁၅ တို့၏ခြားနားချက်

## မူရင်းဥပဒေတွင်ပါဝင်သော ပုဒ်မ ၁၅

၁၂။ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော "မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၅" အရ **"ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနကသတ်မှတ်သည့်ဌာန၊ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကအသိအမှတ်ပြုထားသည့်ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလိုက်နာရန်**

**ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး ၃နှစ် မှ  အများဆုံး ၅ နှစ်အထိ ချမှတ်ခြင်း ခံရမည်”** ဟူ၍ဖော်ပြပါရှိပါသည်။

**ပြင်ဆင်မည့်ဥပဒေကြမ်းတွင်ပါဝင်သော  ပုဒ်မ ၁၅**

၁၃။ “မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း(၂၀၁၇ခုနှစ်)၊ပုဒ်မ ၁၅”အရ **"ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ)အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသောပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းကထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်-**

**(က) ထိုသူသည် အသက် ၁၆ နှစ် ပြည့်ပြီးသူဖြစ်ပါက လူမှုရေးလုပ်ငန်း တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၁၈၀ မှ အများဆုံးနာရီ ၂၄၀ အထိချမှတ်ရမည်။**

**(ခ) အသက် ၁၆ နှစ်မပြည့်သေးသူဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ် ပြုပြင်ထိန်းသိမ်းရေးစခန်းသို့ပို့အပ်ရမည်။”**

**ကမ္ဘာပေါ်တွင် မူးယစ်ဥပဒေအရ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်သောနိုင်ငံများ**

**အမေရိကန်**

၁၄။ အမေရိကန်နိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေအရ မူးယစ်ဆေးဝါးများကို ရောင်းဝယ်ခြင်း နှင့်သယ်ဆောင်ခြင်းတို့အတွက်ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် နှစ်(၂၀) သို့မဟုတ် နှစ်(၃၀) နှင့်တစ်သက်တစ်ကျွန်းဒဏ်တို့ချမှတ်ထားပါသည်။ အဆိုပါချမှတ်ထားသော ပြစ်ဒဏ်များ သည် ဗဟိုအမေရိက၊ တောင်အမေရိကနှင့် တောင်အာရှနိုင်ငံများထက် ပိုမိုပြင်းထန်သည် ကိုတွေ့ရှိရပါသည်။ [၁၁]

၁၁။ https://www.aclu.org/issues/criminal-law-reform/sentencing

## မလေးရှား

၁၅။ မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုအတွက် သေဒဏ်ချမှတ်ထားပါသည်။ မူးယစ်ဆေးဝါးကိုလက်ဝယ်တွေ့ရှိရုံမျှဖြင့် ငွေဒဏ်၊ ထောင်ဒဏ် သို့မဟုတ် ပြည်နှင်ဒဏ် ချမှတ်ထားပါသည်။ ထို့အပြင် မလေးရှားနိုင်ငံတွင် အရက်သောက်ပြီးကားမောင်းပါက ပြင်းထန်သောပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## တရုတ်


https://www.google.com/search?q=death+penalty+for+use+of+drug+in+china

၁၆။ တရုတ်နိုင်ငံတွင် မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးခြင်းခံရပါက အစိုးရမှတည်ထောင်ထားသော ပြန်လည်ထူထောင်ရေးစခန်းတွင်သွားရောက်နေထိုင်ရမည်ဖြစ်ပြီး အချို့သောမူးယစ်ဆေးဝါးအမှုကြီးများကို သေဒဏ်ချမှတ်ခြင်းများရှိပါသည်။

## ဗီယက်နမ်

၁၇။ ဗီယက်နမ်နိုင်ငံသည် မူးယစ်ဆေးဝါးပြစ်မှုများကို ပြစ်ဒဏ်ချမှတ်ရာတွင် အပြင်းထန်ဆုံးနိုင်ငံတစ်ခုဖြစ်သည်။ အကယ်၍ ဘိန်းဖြူ(၁.၃)ပေါင်ပမာဏဖြင့် လက်ဝယ်တွေ့ရှိဖမ်းဆီးခံရပါက ခြွင်းချက်မရှိ သေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## အီရန်


https://www.google.com.mm/search?q=death+penalty+for+drug+in+iran+photos&tbm=isch&tbo=u&source=univ&sa=X&ved=0ahUKEwjL_Ii85YzUAhUMpY8KHbGXCK0QsAQIJw&biw=1366&bih=662#imgrc=eILgz3SCmgl3xM:

၁၈။ အီရန်နိုင်ငံသည် မူးယစ်ဆေးဝါးပြစ်မှုများအတွက် ချမှတ်ထားသောပြစ်ဒဏ်များသည် ပြင်းထန်သကဲ့သို့ပင်အခြားရာဇဝတ်ပြစ်မှုများ၏ပြစ်ဒဏ်များသည်လည်း သက်သာခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ အီရန်နိုင်ငံ၏အဓိကပြဿနာသည် ဘိန်းသုံးစွဲမှုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်

အီရန်နိုင်ငံ၏အိမ်နီးချင်းဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံသည် ဘိန်းထုတ်လုပ်ဖြန့်ဖြူးသည့်နိုင်ငံတစ်ခုဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ အီရန်နိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် အတူဖမ်းဆီးခံရပါက များပြားသောငွေဒဏ်ချမှတ်ခြင်းခံရမည့်အပြင် အလေးချိန်များစွာတွေ့ရှိပါက သေဒဏ်ထိချမှတ်ထားသည်ကိုတွေ့ရှိရပါသည်။

## ထိုင်း

၁၉။ ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ပါက သေဒဏ်ချမှတ်ထားပါသည်။ မူးယစ်ဆေးဝါးသုံးစွဲပါက ပြန်လည်ထူထောင်ရေးစခန်းတွင် ပုံမှန်အခြေအနေသို့ရောက်ရှိသည်အထိ နေထိုင်ရမည့်ပြစ်ဒဏ်ချမှတ်ထားပါသည်။

## ဒူဘိုင်း

၂၀။ အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံ၏ ဒူဘိုင်းမြို့တော်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုကို လုံးဝခွင့်မပြုထားပေ။ ကမ္ဘာ့နိုင်ငံအများအပြားမှ တရားဝင်ဆေးဝါးဖြစ်သည်ဟုသတ်မှတ်ထားသော မူးယစ်ဆေးအနွယ်ဝင်ဆေးဝါးများကိုပင် ဒူဘိုင်းတွင်သုံးစွဲမိပါကထောင်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ထောင်ဒဏ်အနည်းဆုံး(၄)နှစ်ချမှတ်ခံရမည့်အပြင် ပြည်နှင်ဒဏ်လည်းပေးခံရမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးလက်ဝယ်မတွေ့ရှိသော်လည်း ဆေးစစ်မှုမအောင်မြင်ပါက ထောင်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## ဆော်ဒီအာရေဗျ



https://www.google.com.mm/search?q=death+penalty+for+drug+in+saudi+arabia+photos&tbm=isch&tbo=u&source=univ&sa=X&ved=0ahUKEwjYyKC05ozUAhVMrI8KHfdfBEoQsAQIJw&biw=1366&bih=613#imgrc=JkaQIkxM458YtM:

၂၁။ ဆော်ဒီအာရေဗျနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုအတွက် အမြဲချမှတ်ထားသည့်ပြစ်ဒဏ်သည်သေဒဏ်ပင်ဖြစ်သည်။ သေဒဏ်အတွက် အယူခံပိုင်ခွင့်မရှိပေ။ ဆော်ဒီအာရေဗျနိုင်ငံတွင် အရက်သေစာသောက်စားခြင်းကိုလည်း တရားဝင်ခွင့်ပြုထားခြင်းမရှိပေ။ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်လက်ဝယ်ထားရှိခြင်းကျူးလွန်ပါက အနည်းဆုံးလူထုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရခြင်းနှင့် ငွေဒဏ်ဆောင်ရခြင်းများအပြင် နှစ်ရှည်ထောင်ဒဏ်နှင့်သေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## စင်ကာပူ




https://www.google.com/search?noj=1&biw=1600&bih=794&tbm=isch&sa=1&q=execution+for+use+of+drug+in+singapore&oq=execution+for+use+of+drug+in+singapore&gs_l=img.3...121785.128834.0.143418.16.15.1.0.0.0.256.1446.12j2j1.15.0....0...1.1.64.img..0.0.0.MKEdu-tKmqE#imgrc=_

၂၂။ စင်ကာပူနိုင်ငံရှိတွင် မူးယစ်ဆေးဝါး ပမာဏအနည်းငယ်တွေ့ရှိခြင်းနှင့် ရောင်းဝယ်မှု ပြုကြောင်း ပြစ်မှုထင်ရှားပါက သေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## ကမ္ဘောဒီးယား

၂၃။ ကမ္ဘောဒီးယားနိုင်ငံတွင် မူးယစ်ဆေးဝါးကိုလက်ဝယ်တွေ့ရှိပါက နှစ်ရှည်ထောင်ဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။ **ကမ္ဘောဒီးယားနိုင်ငံသည် အခြားတောင်အာရှနိုင်ငံများနှင့် မတူညီသည့်အချက်မှာ မူးယစ်ဆေးဝါးမှုကို သေဒဏ်မချမှတ်ခြင်းပင်ဖြစ်သည်။**

## အင်ဒိုနီးရှား

၂၄။ အင်ဒိုနီးရှားနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေသည် ပြင်းထန်ပါသည်။ ဆေးခြောက်များနှင့်အတူဖမ်းဆီးခံရပါက တောင်ဒဏ်နှစ်(၂၀)နှင့်အထက်ကျခံရမည်ဖြစ်သည်။ အခြားမူးယစ်ဆေးဝါးများကိုသယ်ဆောင်ပါက ထောင်ဒဏ်(၁၂)နှစ်နှင့်အထက် ချမှတ်ခံရမည့်အပြင် မူးယစ်ဆေးဝါးရောင်းဝယ်ပါက သေဒဏ်ကျခံရမည်ဖြစ်သည်။

## လာအို

၂၅။ လာအိုနိုင်ငံတွင် ဆေးပြားများနှင့်ဖမ်းဆီးခံရပါက ငွေဒဏ်အမေရိကန်ဒေါ်လာ (၃၅,၀၀၀)ပေးဆောင်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးခံရပါက ထောင်ဒဏ် (၁၀)နှစ် သို့မဟုတ် (၁၀)နှစ်ထက်ပို၍ကျခံရမည်ဖြစ်သည်။

## မြောက်ကိုရီးယား

၂၆။ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အနည်းငယ်သာရှိသော်လည်း ၎င်းနိုင်ငံသို့လည်ပတ်လိုပါက ဆောင်ရွက်ပေးမည့် ခရီးသွားဝန်ဆောင်မှုအေဂျင်စီအများအပြားရှိပါသည်။ အကယ်၍ မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်စဉ် မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးခံရပါက ဖမ်းဆီးခံရသူသည် မိဘဆွေမျိုးသူငယ်ချင်းနှင့် တွေ့ဆုံရခြင်းမရှိဘဲ မြောက်ကိုရီးယားအကျဉ်းစခန်းတွင် နှစ်ရှည်လများချုပ်နှောင်ခြင်းခံရမည်ဖြစ်သည်။ အခြားနိုင်ငံများအနေနှင့်လည်း ကြားဝင်ဖြေရှင်းပေးရန် အခက်အခဲများလည်းရှိပါသည်။

## တူရကီ

၂၇။ တူရကီတွင် မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိပါက နှစ်ရှည်ထောင်ဒဏ်နှင့်ငွေဒဏ်များချမှတ်ထားပါသည်။ မူးယစ်ဆေးဝါးရောင်းဝယ်သူများအတွက် သီးသန့်ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်ထားပါသည်။

## ကိုလံဘီယာ

၂၈။ ကိုလံဘီယာတွင် မူးယစ်ဆေးဝါးနှင့်ဖမ်းဆီးခံရပါက နှစ်ရှည်အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ထားပါသည်။ ကိုလံဘီယာရဲများသည် လေဆိပ်များတွင် မူးယစ်ဆေးဝါးများကိုအပြင်းအထန်စစ်ဆေး၍ ဖမ်းဆီးခဲ့ကြရာ မူးယစ်ဆေးဝါးသယ်ဆောင်သူ နိုင်ငံခြားသားခရီးသွားအများအပြားကို ဖမ်းဆီးရမိလေ့ရှိပါသည်။[၁၂]

## ဖိလစ်ပိုင်



http://www.businessinsider.com/rodrigo-duterte-martial-law-declaration-drug-war-in-the-philippines-2016-12

၂၉။ ဖိလစ်ပိုင်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူများကိုသေဒဏ်ချမှတ်ထားပါသည်။ မူးယစ်ဆေးဝါးအနည်းငယ်ကို လက်ဝယ်တွေ့ရှိရုံဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်သူအဖြစ် သတ်မှတ်ပါသည်။ ဖိလစ်ပိုင်သမ္မတဒူတာတေးသည် သမ္မတ

---

၁၂။ (က) http://drugabuse.com/the-20-countries-with-the-harshest-drug-laws-in-the-world/
(ခ) http://www.independent.co.uk/news/world/countries-with-the-harshest-drug-penalties-in-the-world-a7425851.html

အဖြစ်တက်ရောက်ပြီး (၆)ပတ်အတွင်း မူးယစ်ဆေးဝါးမှုများကို အပြင်းအထန်နှိမ်နှင်းခဲ့ရာ မူးယစ်ဆေးဝါးသုံးစွဲသူပေါင်းထောင်ချီ၍ လမ်းပေါ်တွင်ပစ်သတ်ခံရသည်။[၁၃] ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးသည် ၂၀၁၆ခုနှစ်၊ မေလ(၉)ရက်နေ့ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး သမ္မတဖြစ်လာခဲ့ပြီးနောက် နိုင်ငံတွင်း ရာဇဝတ်မှုများပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ရောင်းဝယ်ခြင်းများကို အမြစ်ဖြတ်ချေမှုန်းသွားမည်ဟု ကတိပြုခဲ့သည်။ ပထမဆုံးလုပ်ဆောင်မှုအနေဖြင့် မူးယစ်နှိမ်နှင်း မှုများ စတင်ဆောင်ရွက်ခဲ့သည်။[၁၄]

၃၀။ မူးယစ်နှိမ်နှင်းမှုတွင် ရှေ့နေနှင့်တရားရုံးမလိုအပ်ဟု သတ်မှတ်ထားခဲ့သည်။ မူးယစ်ဆေးသုံးစွဲခြင်းရှိ/မရှိ ဆေးစစ်ခိုင်းပြီး ဆေးလာမစစ်သူများ၊ သွေးမစစ်သူများ၊ လိုက်လံဖမ်းဆီးသည့်အခါ ထွက်ပြေးသူများ၊ ခုခံသူများကိုပစ်သတ်ရန် ရဲများကိုတရားဝင်အမိန့်ထုတ်ပြန်ခဲ့သည်။ မပစ်ရဲသည့်ရဲများကိုအလုပ်ထုတ်ခြင်း၊ တရားစွဲခြင်းနှင့်၄င်း၏သေနတ်စာမိမည်၊ လူသေမှုအတွက် ၄င်းကိုယ်တိုင်တာဝန်ယူမည် ဟုပြောကြားခဲ့ခြင်းများရှိခဲ့သည်။ ထို့အပြင် ဖိလစ်ပိုင်သမ္မတသည် မူးယစ်ဆေးဝါးအမှုအတွက် Discount မရှိဟု ပြတ်သားစွာပြောဆိုထားပါသည်။ ထို့ကြောင့် သမ္မတသက်တမ်း(၆)ပတ်ကျော်တွင် မူးယစ်ဆေးဝါးသုံးစွဲသူပေါင်း(၁၀၀၀)ကျော် လမ်းပေါ်တွင်ပစ်သတ်ခံခဲ့ရသည်။ ထိုသို့နှိမ်နှင်းမှု၏အကျိုးဆက်ကြောင့် မူးယစ်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လေ့ရှိသော ရာဇဝတ်မှုများသိသိသာသာလျော့နည်းလာခဲ့သည်။ နိုင်ငံတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ(၃)သန်းကျော်တွင် (၆)သိန်းကျော်မှာ ဆေးများအပ်ပြီး သွေးစစ်ခံကာ ဆေးကုသမှုခံယူနေကြပြီဖြစ်သည်။[၁၅]

---

၁၃။ http://drugabuse.com/the-20-countries-with-the-harshest-drug-laws-in-the-world/

၁၄။ https://en.wikipedia.org/wiki/Rodrigo_Duterte

၁၅။ http://www.businessinsider.com/philippines-vigilante-drug-killings-2016-9

## ဝေဖန်မှုများရှိနေသော အမေရိကန်ပြည်ထောင်စုအတွင်း ဆေးခြောက်သုံးစွဲခွင့်ဥပဒေ




၃၁။ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ၉ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏အလက်စကား ပြည်နယ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ကော်လိုရာဒိုပြည်နယ်၊ မက်ဆာချူးဆက်ပြည်နယ်၊ နီဗားဒါးပြည်နယ်၊ အော်ရီဂွန်ပြည်နယ်နှင့်ဝါရှင်တန်ပြည်နယ်တို့တွင် ဆေးခြောက်အား ဆေးဝါးအဖြစ်သုံးစွဲမှုကို တရားဝင်ခွင့်ပြုခဲ့သည်။[၁၆] ဆေးခြောက်သည် ကိုယ်စိတ်နှလုံး ကြည်လင်လန်းဆန်းရေးအတွက် လွန်စွာမှပင် အာနိသင်ကောင်းမွန်ခြင်းကြောင့် လူထုကသုံးစွဲခြင်းကိုဆက်လက်ပိတ်ပင်ရန် မသင့်လျော်ဟုစာဒကတက်ခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာအချို့ကလည်း ရေးသားဖော်ပြခဲ့ကြပါသည်။ အမေရိကန်အစိုးရအဖွဲ့က ဆေးခြောက်တရားဝင်သုံးစွဲခွင့်ကို အခြားပြည်နယ်များကိုပါခွင့်ပြုနိုင်ပါရန် ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရသော်လည်း စိတ်နှင့်ကျန်းမာရေးသုတေသီများကမူ အစိုးရနှင့်သတင်းမီဒီယာတို့သည် ပြည်သူလူထုအား ဆေးခြောက်အကြောင်းပြည့်ပြည့်စုံစုံသိရှိအောင် ပညာပေးလုပ်ငန်းများကို ရှေးဦးစွာဆောင်ရွက်သင့်ကြောင်း ထောက်ပြဝေဖန်လိုက်ပြီး ဆေးခြောက်သုံးစွဲမှုကြောင့် ကိုယ်စိတ်ကျန်းမာရေးတို့ကို ထိခိုက်နိုင်ပုံအား အကျယ်တဝင့်ရေးသားဖော်ပြခဲ့ကြသည်။

၃၂။ ဆေးခြောက်သုံးစွဲခြင်းသည် နှလုံးကျန်းမာရေးကို ဆိုးဆိုးရွားရွားထိခိုက်စေနိုင်ပြီး ဆေးလိပ်သောက်ခြင်း၊ ကိုကင်းသုံးစွဲခြင်းပြီးလျှင် ဆေးခြောက်ရှူခြင်းကြောင့် နှလုံးလေဖြတ်နိုင်ခြေအများဆုံးဖြစ်သည်။ ဆေးခြောက်ပုံမှန်သုံးစွဲသူများတွင် နှလုံးသွေးကြောပိတ်ခြင်းကို ပုံမှန်တွေ့ရလေ့ရှိပြီး နှလုံးလေဖြတ်သေဆုံးမှုနှုန်းတိုးမြင့်လာနေသော်လည်း အမေရိကန်အစိုးရကပြည်နယ်အချို့တွင် ဆေးခြောက်သုံးစွဲမှုကို တရားဝင်ခွင့်ပြုလိုက်ခြင်းမှာ နိုင်ငံတကာကဝေဖန်စရာဖြစ်လာသည်။ အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံများပါဝင်သော ဥရောပသမဂ္ဂကလည်း ဆေးခြောက်အန္တရာယ်ကို အဆောတလျင်ထုတ်ပြန်ကြေညာခဲ့သည်။ နှလုံးသွေးကြောပိတ်ရောဂါအန္တရာယ်ကို အဓိကဖြစ်စေသောအကြောင်းအရင်းများကိုဖော်ပြရာတွင် ဆေးခြောက်ရှူခြင်းကို မီးမောင်းထိုးဖော်ပြခဲ့သည်။ သို့သော် အမေရိကန်

---

၁၆။ https://en.wikipedia.org/wiki/Legality_of_cannabis_by_U.S._jurisdiction#By_state

အစိုးရက အဘယ့်ကြောင့် ဆေးခြောက်ရှုခြင်းကို တရားဝင်ခွင့်ပြုခဲ့သနည်း၊ ဆေးခြောက်သုံးစွဲခြင်းကို တရားဝင်ခွင့်ပြုသည့်ဥပဒေထုတ်ပြန်ရန်ဆွေးနွေးခဲ့စဉ်က ကျန်းမာရေးရှုထောင့်ကို ထည့်သွင်းဆွေးနွေးခဲ့ခြင်းမရှိဟု ကျန်းမာရေးသုတေသီများကဆိုသည်။

၃၃။ လူအများစုကလည်း ဆေးခြောက်သည် ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝဆေးရွက်တစ်မျိုးဖြစ်ကြောင်း၊ ရောဂါဝေဒနာအချို့ကို သက်သာပျောက်ကင်းစေနိုင်ကြောင်း၊ နာကျင်ကိုက်ခဲခြင်း၊ မူးဝေအော့အန်ခြင်းတို့ကိုလျှော့ချပေးနိုင်ပြီး အစားအသောက်စားချင်စိတ်ရှိလာလေ့ရှိကြောင်း ကာကွယ်ပြောဆိုကြသည်။ သို့သော် ဆေးခြောက်သည် ကျန်းမာရေးအတွက် ရာနှုန်းပြည့်ကောင်းမွန်သည်ဟုကား မည်သူမျှမပြောနိုင်ပေ။ ဆေးခြောက်သည် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးတစ်မျိုးသာဖြစ်သည်။ မူးယစ်ဆေးဝါးအချို့ကို ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုရလေ့ရှိပါသည်။ အထူးသဖြင့် အကိုက်အခဲပျောက်ဆေးအပြင်းစားများတွင် မူးယစ်ဆေးဝါးပါဝင်တတ်လေ့ရှိသည့်အတွက် ဆရာဝန်၏ညွှန်ကြားစာဖြင့်သာ ဝယ်ယူခွင့်ရှိသည့် oxycodone ကဲ့သို့ အကိုက်အခဲပျောက်ဆေးများရှိနေခြင်းပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင် oxycodone ကိုလိုအပ်သည်ထက်ပို၍သုံးစွဲခြင်းကြောင့် ဆေးရုံတက်ရောက်ကုသရသူမှာ နှစ်စဉ်လူတစ်သိန်းထက်မနည်းရှိသည်။

၃၄။ ဆေးခြောက်သည် ဆေးဖြစ်ဝါးဖြစ်အသုံးပြုတတ်လျှင် နာကျင်ကိုက်ခဲမှုများကိုပြေပျောက်စေနိုင်သော်လည်း မူးယစ်မှုအရသာအဖြစ်သုံးစွဲလျှင် လူမှုရေး၊ ကျန်းမာရေးပြဿနာများစွာဖြစ်နိုင်ပြီး ဆေးခြောက်သုံးစွဲမှုကြောင့် စိတ်ကစဥ့်ကလျားဖြစ်ကာ ယာဉ်အန္တရာယ်ဖြစ်ခြင်း၊ လူသတ်မှုများကျူးလွန်ခြင်း၊ မိန်းကလေးများဘဝဆုံးခြင်း၊ နှလုံးလေဖြတ်သေဆုံးခြင်းများကို စဉ်ဆက်မပြတ်တွေ့ရှိဖြစ်ပေါ်နေသည့်ကာလကြီးတွင် ဆေးခြောက်တရားဝင်သုံးစွဲခွင့်ပြုလိုက်သော အမေရိကန်၏ဥပဒေသစ်မှာ နိုင်ငံတိုင်းနီးပါးအတွက် ထူးဆန်းနေပြီး မိမိနိုင်ငံတွင်လည်း အလားတူအခွင့်အရေးမျိုး တောင်းဆိုလာကြမည်ကို စိုးရွံ့နေကြသည်။ ဆေးခြောက်ကြောင့် နှလုံးလေဖြတ်သေဆုံးသူဦးရေ ဤမျှမြင့်မားနေရာဝယ် ယခုကဲ့သို့ ဆေးခြောက်သုံးစွဲမှုကို တရားဝင်ခွင့်ပြုလိုက်ခြင်းကြောင့် ပြန်ပြင်၍မရနိုင်တော့သော ကျန်းမာရေးထိခိုက်မှုကို လူအများခံစားရတော့မည်ဖြစ်ပြီး အမျိုးသားကျန်းမာရေးတစ်ရပ်လုံးကို အဆင်းဘီးတပ်ပေးသည့်နှယ်ဖြစ်လာနိုင်ကြောင်း ပြင်သစ်နိုင်ငံမှ ကျန်းမာရေးသုတေသီများကလည်း ဝေဖန်ပြောဆိုလိုက်သည်။

၃၅။ အမေရိကန်ပြည်ထောင်စုသည်ကား မလှပသောအနာဂတ်ကို မိမိကိုယ်တိုင် ဥပဒေပြု ဖန်တီးလိုက်ပြီဖြစ်သည်ဟုဆိုကြပါသည်။ အသက်(၂၈)နှစ်အရွယ်လူငယ်များအနက် ၂၈ဒသမ ၃ ရာခိုင်နှုန်းမှာ ဆေးခြောက်သုံးစွဲသူများဖြစ်ခဲ့ရာ ယခုအခါ အဆပေါင်းများစွာ တိုးလာရန်သာရှိတော့သည်။ နိုင်ငံတွင်းခေတ်စားသော အမြန်ရအစားအစာ(fast food) များ၏ကျေးဇူးကြောင့် ၁၂နှစ်အောက်ကလေးများ အဝလွန်မှုအများဆုံးနိုင်ငံမှာလည်း အမေရိကန်ပင်ဖြစ်သည်။ အမေရိကန်မျိုးဆက်သစ်လူငယ်များသည် အဝလွန်ပြီး ဆေးခြောက်မူးဝေနေကာ နှလုံးရောဂါကြောင့်ချည့်နဲ့နေကြသဖြင့် အရွယ်ငယ်ငယ်နှင့် သေဆုံးမည့်နိမိတ်လက္ခဏာကို ယခုပင်တွေ့မြင်နေရပြီဖြစ်သည် ဟုရေးသားဖော်ပြထားပါသည်။[၁၇]

## ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့်ပြည်သူတို့၏ မတူညီသည့် သုံးသပ်ချက်များ


https://www.discretesearch.com/images?eq=gWZTQD%2BSdQgkvUfctCqTqA%3D%3D

၃၆။ UNODC (United Nations Office on Drugs and Crime) က ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးဥပဒေအား ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ မှ ၁၉ ရက်အထိ ပွင့်လင်းစွာသုံးသပ် ဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးမှုများအရ ၁၉၉၃ ခုနှစ် ဥပဒေတွင် ပြဋ္ဌာန်းထားသောပုဒ်မများထဲမှ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် မလုပ်မနေရမှတ်ပုံတင်ခြင်းစသည်အချက်များကိုဖယ်ရှားပေးခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းမှ ဆေးဝါးကုသပေးခြင်းဘက်သို့ပြောင်းလဲပေးခြင်း၊ သေးငယ်သောပြစ်မှုကိုကျူးလွန်သူများအား ထောင်ဒဏ်လျှော့ချပေးခြင်းနှင့် ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်ကိစ္စများကိုလျှော့ချပေးခြင်းစသည့်အချက်များအား ဆွေးနွေးထားသည်ကိုတွေ့ရပါသည်။ အဓိကထောက်ခံဆွေးနွေးချက်များမှာ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ပြစ်မှုကျူးလွန်သူများအား သေဒဏ်ပေးခြင်းကိုဖယ်ရှားရန် ထောက်ခံဆွေးနွေးထားကြောင်း

---

၁၇။ (The Myanmar Daily) http://myawady-myawady.blogspot.com/2016/04/blog-post_4300.html

တွေ့ရပြီး ၎င်းဆွေးနွေးမှုအား UN အဖွဲ့အစည်းများနှင့် The Central Committee for Drug Abuse Control (CCDAC) တို့က အချိန်တိုအတွင်းပြီးမြောက်စေရန် ထောက်ခံကြောင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းတွေ့ရပါသည်။[၁၈]

၃၇။ ယနေ့မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုတွင် အာဖဂန်နစ်စ္စတန်ပြီးလျှင် ကမ္ဘာပေါ်တွင်ဒုတိယအများဆုံးနိုင်ငံဖြစ်သည်ဟု ကုလသမဂ္ဂဆေးဝါးနှင့် ရာဇဝတ်ဆိုင်ရာရုံး (UNODC) မှထုတ်ပြန်ထားပါသည်။[၁၉]

၃၈။ “ ပြင်ဆင်သည့်ဥပဒေသစ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြစ်ဒဏ်လျှော့ပေးထားခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းစေရန် အကောင်းဆုံးဖြေရှင်းခြင်းမဟုတ်ဘဲ အခြားပြစ်မှုများကိုပါ ဖိတ်ခေါ်နေသကဲ့သို့ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲပါက မည်သို့ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်ကို နှစ်ပေါင်းများစွာပညာပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိရောက်သောပြစ်ဒဏ်များလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ သို့သော် မူးယစ်ဆေးစွဲနေသူများသည်ထိုကိစ္စရပ်များကို လျစ်လျူရှုကာ မူးယစ်ဆေး၊ ဆေးခြောက်များကို မရမကရှာဖွေသုံးစွဲနေခြင်းဖြစ်သည်။ ပြစ်ဒဏ်များလျှော့လိုက်ပါက သုံးစွဲသူများပိုမိုများပြားလာကာ အခြားပြစ်မှုများပါဖြစ်ပေါ်နိုင်ပါသည်။ ထိုအကျိုးဆက်သည် ပြည်သူများသာခံစားရမည်ဖြစ်သည်” ဟု ကျောင်းဆရာအငြိမ်းစားတစ်ဦးမှ သုံးသပ်ထားပါသည်။[၂၀]

၃၉။ မူးယစ်ဆေးဝါးထိန်းချုပ်မှုဗဟိုကော်မတီ (CCDAC)၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သည့် ရဲမှူးချုပ်တစ်ဦးမှ “မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို အမြင့်ဆုံးထောင်ဒဏ်များချမှတ်၍ နှစ်ပေါင်းများစွာဖြေရှင်းခဲ့သော်လည်း သုံးစွဲမှုလျော့နည်းလာခြင်းမရှိပါ။ ထို့ကြောင့် အဆိုပါဥပဒေကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး သုံးစွဲသူလူငယ်များ လျော့နည်းလာခြင်းမရှိသည့်ပြဿနာအရင်းအမြစ်ကို သေချာလေ့လာသင့်ပါသည်။ မူဝါဒရေးဆွဲသူများအနေဖြင့်ထိုပြဿနာအရင်းအမြစ်ကို လျစ်လျူရှုခဲ့သည့်အတွက် မလိုလားအပ်သည့် နောက်ဆက်တွဲအကြောင်းအရာများဖြစ်ပေါ်နိုင်ပါသည်”ဟုပြောကြားခဲ့ပါသည်။[၂၁]

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနက “မူးယစ်ဆေးဝါးဥပဒေသစ်အရ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ထောင်ဒဏ်ချမှတ်တော့မည်မဟုတ်ဘဲ လူမှုရေးပြစ်ဒဏ်နှင့်အစားထိုးချမှတ်မည်”

---

၁၈။ https://www.unodc.org/southeastasiaandpacific/en/myanmar/2015/03/drug-law/story.html

၁၉။ https://www.irrawaddy.com/news/burma/new-treatment-oriented-drug-policies-to-be-proposed.html

၂၀။ http://www.sunthit.com/news/local-news

၂၁။ https://www.irrawaddy.com/news/burma/new-treatment-oriented-drug-policies-to-be-proposed.html

ဟုပြောကြားပါသည်။ ၂၀၁၇ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင်ပြုလုပ်သော အစိုးရသစ်၏ တစ်နှစ်တာ ပြည်ထဲရေးဝန်ကြီးဌာန၏လုပ်ဆောင်ချက်သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က "မူးယစ်ဆေးဝါးဥပဒေ ပုဒ်မ ၁၅မှာ ဖော်ပြထားတဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ပြစ်ဒဏ် ၃ နှစ်ကနေ ၅နှစ်အထိ အရေးယူမယ်ဆိုတာကို လူမှုရေးပြစ်ဒဏ်အဖြစ် တစ်ရက် ၂ နာရီ နဲ့ အနည်းဆုံး နာရီ ၁၈၀ ကနေ ၂၄၀ အထိ ချမှတ်နိုင်တယ်ဆိုတာနဲ့အစားထိုးထားပါတယ်။ အရေးယူထောင်ချလိုက်လို့ ကျွန်တော်တို့မှာ ဘာအကျိုးအမြတ်ထွက်သွားလဲ။ ဘာအကျိုးအမြတ်မှမရဘူး။ သူတို့ကိုဆေးကုသခွင့်ပေးရမယ်"ဟု ပြောကြားခဲ့ပါသည်။[၂၂]

## မြန်မာနိုင်ငံအတွင်းမူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအခြေအနေနှင့်တရားဥပဒေစိုးမိုးရေး အတွက်သုံးသပ်ချက်များ

၄၁။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မူးယစ်ဆေးဝါးဖမ်းဆီးမှုစာရင်းကို အောက်ပါအတိုင်းဖော်ပြထားပါသည်-[၂၃]

| စဉ် | ခုနှစ် | အမှုပေါင်း |
|---|---|---|
| ၁ | ၂၀၁၁ | ၂၆၁၇ |
| ၂ | ၂၀၁၂ | ၄၀၀၆ |
| ၃ | ၂၀၁၃ | ၄၉၂၈ |
| ၄ | ၂၀၁၄ | ၆၆၉၆ |
| ၅ | ၂၀၁၅ | ၆၄၁၄ |
| ၆ | ၂၀၁၆ | ၈၈၀၀ |
| စုစုပေါင်း | | ၃၃၄၆၁ |

၄၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၂.၁၀.၂၀၁၄ နေ့တွင် ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဖေသောင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ တင်သွင်းသောအဆိုကို ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဂျေယောဝူက ၉.၂.၂၀၁၅ နေ့တွင် လွှတ်တော်၌ဆွေးနွေးခဲ့သည့်အချက်များကို ထုတ်နုတ်ဆွေးနွေးခဲ့ရာတွင်

၂၂။ http://burmese.dvb.no/archives/200763
၂၃။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်

“လက်ရှိဥပဒေ ၁၉၉၃ခုနှစ် ၊နောက်ဆုံးပြင်တဲ့ မူးယစ်ဆေးဝါးဥပဒေသုံးစွဲမှုဆိုရင် ပုဒ်မ ၁၅ ဖြစ်ပြီး၊ ပြစ်ဒဏ်ကတော့(၅)နှစ်ကျခံနိုင်တာဖြစ်ပါတယ်။ သုံးစွဲရန်လက်ဝယ်ထားရှိမှု မူးယစ်ဆေးဝါးနည်းလျှင် ပုဒ်မ၁၆၊ ပုဒ်မခွဲငယ်(ဂ)အရ အများဆုံး(၁၀)နှစ်အထိဖြစ်ပြီး မူးယစ်ဆေးဝါးများအမြောက်အမြားဝယ်ယူ၍ လက်ဝယ်ထားရှိပါက ပုဒ်မ ၁၉အရ (၁၀)နှစ်နဲ့ အကန့်အသတ်မရှိဖြစ်ပါတယ်။ အဲဒါက သေဒဏ်လည်းကျခံနိုင်ရတယ်ဆိုတာဖြစ်ပါတယ်။ ရောင်းဝယ်ဖောက်ကားသူတွေကိုတော့ တိတိကျကျဆောင်ရွက်သင့်ပါတယ်။ ဆောင်လဲဆောင်ရွက်နေပါတယ်။ ဥပဒေဆိုတာ လူသားများအတွက်ကောင်းကျိုးပြုလုပ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။Every law has its own loophole or Excuse ဥပဒေတိုင်းမှာ ချို့ယွင်းချက် (သို့မဟုတ်) သက်ညှာခွင့်ဆိုတာရှိပါတယ်။ ထို့အပြင် အသက်(၂၀) နှစ်အောက်ကျောင်းသူ၊ ကျောင်းသားများအတွက် အထူးဥပဒေတစ်ရပ်ပြင်ဆင်သင့်ကြောင်း၊ သူတို့လေးတွေဘဝ ရေတိမ်မနစ်မွန်းရေးအတွက် (၁၆)နှစ်အောက်ဆိုလျှင် (၆)လမှ အများဆုံး(၁)နှစ်၊ (၁၈) နှစ်အောက်ဆိုလျှင် အများဆုံး(၁)နှစ်ခွဲအထိပေ့ါ၊ (၂၀)နှင့်(၂၀)နှစ်အောက်ဆိုလျှင် အများဆုံး(၂)နှစ်နှင့် နိုင်ငံတကာဆိုလျှင် Optional စိတ်ကြိုက်ရွေးချယ်ခွင့်၊ ကလေးထောင်ပဲကျခံမလား (သို့မဟုတ်) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစခန်းပဲသွားပြီးပြောင်းလဲမလား ရွေးချယ်နိုင်ပြီး ကျောင်းသူ၊ ကျောင်းသားများနှင့်မိဘတွေကတော့ ပြုစုပျိုးထောင်ရေးစခန်းများကိုသာရွေးချယ်ကြပါတယ်” ဟုဆွေးနွေးခဲ့ပါသည်။[၂၄]

၄၃။ မူးယစ်ဆေးစွဲရောဂါကို ဥပဒေဖြင့်ဖြေရှင်းရန်ကိစ္စနှင့်ပတ်သက်၍ မူးယစ်ဆေးစွဲရောဂါသုတေသနအသင်း၏ဥက္ကဋ္ဌ၊ တည်ထောင်သူ အငြိမ်းစား စိတ်ရောဂါအထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာဂျော်ထက်ဒိုးက “ လူတွေက အစကထင်တာ ဥပဒေနဲ့ခြိမ်းခြောက်လိုက်ရင် ဒီပြဿနာကြီးက အေးသွားမယ်လို့ထင်ကြတယ်။ အေးမှမအေးတာ။ စွဲသွားပြီဆိုကတည်းက သူလည်းမတက်နိုင်တော့ဘူး။အချိန်ရောက်ရင် မသုံးဘဲနဲ့ကို မနေနိုင်တာ။ အရိုးထဲကကိုက်လာတာ။စွဲသွားတဲ့ကလေးတွေ နောက်ပိုင်းကျတော့ ပုံမှန်လူတစ်ယောက်လိုအသက်ရှင်နေနိုင်ဖို့အတွက်ကိုပဲသုံးနေရတော့တာ။ အစတုန်းက Feelဆိုတာရှိပြီး နောက်စွဲသွားတော့ သာမန်လူလိုနေနိုင်ဖို့အတွက်ကိုမဖြစ်မနေ သုံးနေရတော့တာ။ မင်းကို ဖမ်းမှာပဲဆိုလည်း စွဲသွားပြီဆိုတဲ့ကလေးက သူမတတ်နိုင်တော့ဘူး။ ထိန်းချုပ်မှု မရှိတော့ဘူး။ ဒါကိုဥပဒေနဲ့လည်းခြိမ်းခြောက်လို့မရဘူး။ ရောင်းတဲ့သူကိုပဲဖမ်းသင့်တယ်။ အကြောင်းအမျိုးမျိုးကြောင့်

၂၄။ ပထမအကြိမ်၊အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၁၅)ရက်မြောက်နေ့၊ http://www.amyotha.hluttaw.mm/?p=32995

စွဲသွားပြီးရင်ဖမ်းဖို့ထက် ကုသပေးရမယ်။ နို့မို့ဆို ဖမ်းမှာကြောက်ပြီး ပုန်းလျှိုးကွယ်လျှိုး ထိုးရပြီး ကြုံသလိုထိုးရတဲ့အတွက် ဆေးထိုးတဲ့ကလေးတွေထဲမှာ HIV ပိုးတွေ့ရှိရတာ နည်းတာမှမဟုတ်တာ။ ဒါ့ကြောင့်ပဲ ၁၀ယောက်မှာ ငါးယောက်ကနေ ရှစ်ယောက်က HIV ပိုးရှိလာတယ်”ဟုဆွေးနွေးခဲ့ပါသည်။[၂၅]

၄၄။ နိုင်ငံတော်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးများကို တိုက်ဖျက်နိုင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာနည်းနိသယများကိုချမှတ်ပြီး နိုင်ငံတော်၏မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပြီး၊ ယခုအခါ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မူဝါဒများချမှတ်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင် ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၄ ရက် ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၅၁/၂၀၁၆)နဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တွင်ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ခဲ့ပြီး ဝန်ကြီးဌာန (၁၁)ခုတို့မှ အဖွဲ့ဝင် (၁၅)ဦးဖြင့်လုပ်ငန်းတာဝန်များကို ပါဝင်ဆောင်ရွက်လျက်ရှိ ကြောင်းသိရပါသည်။[၂၆]

၄၅။ ဥပဒေပြုရေးတွင်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း “ နိုင်ငံသားတိုင်း၏ အသက် အိုးအိမ်စည်းစိမ်နှင့် တရားမျှတမှုကိုစိန်ခေါ်မှုပြုနေသော မြို့ရွာအတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများအား ပြည်သူ့ဘက်တော်သားများ အကူအညီဖြင့် အမြစ်ပြတ် ချေမှုန်းသွားစေလိုကြောင်း၊ ထို့အပြင် မြို့ရွာလုံခြုံမှုအားခြိမ်းခြောက်နေသည့် အုပ်စုဖွဲ့ မူးယစ်ဆေးဝါးသုံးစွဲကာ ရမ်းကားသည့် ချောင်ကျသောနေရာများကိုအုပ်စုဖွဲ့ ခိုလုံမှုမရှိစေ ရေးအတွက်မြေလှန်၍ ဖယ်ရှားပေးစေလိုကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားကြောင်းကို အသိပညာဖြန့်ဖြူးရာတွင် မြို့တွင်းအပြင် ကျေးရွာများအထိပါ ပိုမိုကျယ်ကျယ်ပြန့်ပြန့်

၂၅။ ခင်ဇာလီ၊စာ-၁၈၊ မြန်မာ့လင်းသတင်းစာ၊ ၁၊၆၊၂၀၁၇

၂၆။ (က) ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ပြည်ထဲရေးဝန်ကြီးဌာန၊ဒုတိယအကြိမ်၊အမျိုးသားလွှတ်တော်၊ဒုတိယပုံမှန်အစည်းအဝေး၊ဆဋ္ဌမမြောက်နေ့
(ခ) http://www.amyotha.hluttaw.mm/?p=47546

ထိထိရောက်ရောက် စေ့စေ့စပ်စပ်ဆောင်ရွက်စေလိုကြောင်း” ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုများတင်သွင်းဆွေးနွေးခဲ့ပါသည်။ [၂၇]

## ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဥပဒေပြဋ္ဌာန်းရာ၌ အကောင်းဆုံးဖြစ်သည်ဟု သတ်မှတ်ထားခံရသည့်နိုင်ငံများ

၄၆။ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဥပဒေပြဋ္ဌာန်းရာ၌ အကောင်းဆုံးဖြစ်သည်ဟု သတ်မှတ်ထားခံရသည့်နိုင်ငံများမှာ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ချက်သမ္မတ၊ နယ်သာလန်နှင့်ဥရုဂွေးနိုင်ငံတို့ဖြစ်သည်။ ၎င်းနိုင်ငံများ၏ ပြဋ္ဌာန်းထားသောဥပဒေများမှ ယေဘုယျတူညီသောအချက်များမှာ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ဆေးသုံးစွဲရာတွင်ဖြစ်ပေါ်နိုင်မည့် ရောဂါများနှင့် အကျိုးဆက်များကိုထိရောက်စွာပညာပေးခြင်း၊ မူးယစ်ဆေးစွဲနေသူများအား ဆရာဝန်များ၊ စိတ်ပညာရှင်များနှင့် စနစ်တကျဆေးဝါးကုသမှုများပြုလုပ်ပေးခြင်း၊ အဖွဲ့အစည်းများနှင့် မိသားစုများ၏နှစ်သိမ့်ဆွေးနွေးမှုများဆောင်ရွက်စေခြင်း၊ မူးယစ်ဆေးစွဲနေသူများ၏ဘဝဆက်လက်ရပ်တည်နိုင်ရေးအတွက် ကူညီဖေးမမှုများဆောင်ရွက်ပေးစေခြင်းနှင့်ပြန်လည်ထူထောင်ရေးစခန်းများဖွင့်လှစ်ကာ စနစ်တကျဆေးသုံးစွဲစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် အံ့အားသင့်ဖွယ်ရာအချက်တစ်ခုမှာ ၎င်းနိုင်ငံများ၌ ဆေးခြောက်နှင့် ဘိန်းဖြူများအား စတိုးဆိုင်များတွင်ပင် လွယ်လင့်တကူလွတ်လပ်စွာဝယ်ယူရရှိနိုင်ခြင်းပင်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ရောင်းချခြင်းတို့အတွက် ငွေဒဏ်ချမှတ်ခြင်းကဲ့သို့သော သက်သာသည့်ပြစ်ဒဏ်များကိုသာ ချမှတ်လေ့ရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ လူမှုဘဝကိုအလေးပေးစဉ်းစားပြီး ပြဋ္ဌာန်းထားသည့် မူးယစ်ဆိုင်ရာဥပဒေများကြောင့် ရာဇဝတ်မှုကြီးများလျော့နည်းလာပြီး အကျဉ်းသားဦးရေလျော့ကျလာကာ အန္တရာယ်ရှိသော ဆေးဝါးသုံးစွဲမှုများရှားပါးလာသည် [28] ကိုလေ့လာတွေ့ရှိရပါသည်။

---

၂၇။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၊ .easycounter.com/external/amyotha.hluttaw.mm

၂၈။ (က) http://www.attn.com/stories/1604/countries-with-the-most-progressive-drug-laws-world

(ခ) https://www.unodc.org/documents/congress/background-information/NGO/IDPC/Drugs-crime-and-punishment-Proportionality-of-sentencing.pdf

## နိဂုံး

၄၇။ နိဂုံးချုပ်အားဖြင့် လူသားအားလုံးအတွက်အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုတားဆီးရန်မှာ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ ထို့အပြင် ပြဋ္ဌာန်းမည့် ဥပဒေသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် သင့်လျော်သော ဥပဒေတစ်ရပ်ဖြစ်ရန်လိုအပ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးကြောင့် နိုင်ငံလူငယ်အရင်းအမြစ်များမပျက်စီးစေရေးအတွက် သူမ၏ခံယူချက်ကို ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလက ထုတ်ပြန်ခဲ့သော ပြည်သူသို့ကျေးဇူးတင်လွှာတွင် **"မြန်မာနိုင်ငံ၏အနာဂတ်ကိုပိုင်စိုးသော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာ၊ ဘေးကင်းလုံခြုံစွာ၊ စိတ်ဓါတ်ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကို အသင့်လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအမှောင်ထုကြီးကိုရှင်းလင်းဖယ်ရှားပေးနိုင်ရန်အရေးကြီးလှပါသည်"**[၂၉]ဟု ပြောကြားခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်တွင် ရင်ဆိုင်နေရသော မူးယစ်ဆေးဝါးပြဿနာကြီးထွားလာခြင်းကိုထိန်းချုပ်ရန်အတွက် အစိုးရဘက်မှကဏ္ဍပေါင်းစုံဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်း၊ အခြားနိုင်ငံများ၏ပြဋ္ဌာန်းဥပဒေများကို လေ့လာစောင့်ကြည့်ခြင်းများအပြင် ဥပဒေကြမ်းနှင့်ပတ်သက်၍ မူဝါဒရေးဆွဲသူများအနေဖြင့်လည်း မိမိနိုင်ငံနှင့်သင့်လျော်ပြီး ပြည်သူများနှင့်လည်းကိုက်ညီသည့်မူဝါဒများကိုသာ ရေးဆွဲရန်လိုအပ်သဖြင့် မိမိတို့နိုင်ငံ၏လူနေမှုဘဝနှင့်ကိုက်ညီသည့် ပြည့်စုံလုံလောက်မှုရှိသောဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရန်အလို့ငှာ လေ့လာစုစည်းတင်ပြအပ်ပါသည်။

---

၂၉။ http://www.7daydaily.com/story/92915